(၁) ရွာတွင်းရှိ ဆွမ်းစားစရပ်သို့ သွားသော ပုဂ္ဂိုလ်သည် သေခိယ သိက္ခာပုဒ်များနှင့် ညီညွတ်အောင် သင်္ကန်း ရုံခြင်း စသော ကျင့်ဝတ်များကို စောင့်ထိန်း၍ သွား ရသည်၊ ပြန်လာသောအခါလည်း သေခိယသိက္ခာပုဒ် တော်များနှင့် ညီစွာ ပြန်လာရသည်။

(၂) ကျောင်းတိုက် အတွင်း၌ ရှိသော ဆွမ်းစားကျောင်း သို့ သွားသော ပုဂ္ဂိုလ်လည်း သင်္ကန်းကို ညီညာစွာ ဝတ်၍ ရန်း၍ သွားရသည်။

(၃) မည်သည့် ဆွမ်းစားရာဌာန၌မဆို မထေရ်ကြီးများ၏ အနီး အပါး၌ အလွန်နီးကပ်စွာ မထိုင်ရ။ [ထိုသို့ အလွန်နီးကပ်စွာ ထိုင်ခြင်းသည် မရိုသေရာရောက် သည်။]

(၄) မိမိအောက် ငယ်သားများကိုလည်း ရှိနေသော နေ ရာကို (မထိုင်နှင့်-ဟု) မတားမြစ်ရ။

(၅) ဆွမ်းစားသော အခါ၌လည်း သေခိယ သိက္ခာပုဒ် တော်နှင့် ညီစွာ စားသောက်ရသည်။

(၆) ဆွမ်းစားခါနီးဖြစ်စေ ဆွမ်းစားပြီးနောက် ဖြစ်စေ လက်စသည်ကို ဆေးသောအခါ ရေသံ ပလုပ်ကျင်းသံ စသည်မကြားရအောင် ငြိမ်သက်စွာ ဆေးရသည်။

(၇) အနီးအပါး-ပုဂ္ဂိုလ်များကို ရေမစဉ်ရအောင် သတိ ထား၍ လက်ဆေးခံ-ထွေးခံတို့၌သာ ဆေးရ-ထွေးရ သည်။